## Austin ISD ထံမှ အမှာစကား

SchoolMessenger မှတဆင့်ခရိုင်သို့မဟုတ် ကျောင်းမှပေးပို့သော သို့မဟုတ် Parent Self-Serve မှတဆင့် ဆရာ၏ရမှတ်စာရင်းစာအုပ်မှပေးပို့သည့် Austin ISD မှ အမှာစကားများ ရရှိပုံနည်းလမ်းကို မိဘများ/ အုပ်ထိန်း သူများမှရွေးချယ်နိုင်ပါသည်။

## SchoolMessenger

AISD Parent Cloud သို့ဝင်ရောက်ပြီးနောက် My Student မီနူးမှ My Messages ကိုရွေးချယ်ပါ။

ဤစာမျက်နှာတွင် ဖုန်းနံပါတ်များနှင့်အီးမေးလ်လိပ်စာတို့ကို အတန်းလိုက်စီထားပါသည်။ စာမျက်နှာထိပ်ရှိ ကော်လံများသည် ခရိုင်မှပေးပို့သည့် အမှာစကား အမျိုးအစားကိုစီထားပေးသည်။




| Contact Type | Destination | Emergency | Attendance | District Messages | Campus Messages | Classroom Comments | Transportation | Survey |
|---|---|---|---|---|---|---|---|---|
| Phone | (512)999-9999 | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| Phone | (512)999-9999 | ✓ | ✗ | ✗ | ✗ | ✗ | ✗ | ✗ |
| Phone | (512)999-9999 | ✓ | ✗ | ✗ | ✗ | ✗ | ✗ | ✗ |
| Phone | (512)999-9999 | ✓ | ✗ | ✗ | ✗ | ✗ | ✗ | ✗ |
| Email | susie@ttt.com | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| SMS | (512)999-9999 | ✓ | ✓ | ✓ | ✓ | ✓ | ✓ | ✓ |
| SMS | (512)999-9999 | ✓ | ✗ | ✗ | ✗ | ✗ | ✗ | ✗ |
| SMS | (512)999-9999 | ✓ | ✗ | ✗ | ✗ | ✗ | ✗ | ✗ |
| SMS | (512)999-9999 | ✓ | ✗ | ✗ | ✗ | ✗ | ✗ | ✗ |

အမှန်သင်္ကေတသည် အမှာစကား ကို*ပေးပို့သွားမည်*ဟုဆိုလိုသည်။ X သည် အမှာစကား *ပေးပို့သွားမည် <u>မဟုတ်</u>ဟု* ဆိုလိုသည်။

ဥပမာ အမှန်သင်္ကေတသည် ဖုန်းနံပါတ်နှင့်ကပ်လျှက်ရှိပြီး ခရိုင် အမှာစကား ခေါင်းစဉ်ကော်လံအောက်ရှိ အမှန်တစ်ခုသည် ခရိုင် အမှာစကားနှင့်တကွဖုန်းခေါ်ဆိုမှုတစ်ခုကို သင်ရရှိသွားမည်ဖြစ်ကြောင်းဆိုလိုသည်။

ဆက်သွယ်ရေးနည်းတစ်ခုခုအတွက် သင်ကဖုန်းခေါ်ဆိုမှု၊အီးမေးလ်သို့မဟုတ် တခ်စ် အမှာစကားများမရရှိလိုပါက အမှန်သင်္ကေတကို X သင်္ကေတသို့ပြောင်းရန် အမှန်သင်္ကေတကိုနှိပ်ပါ။

ခရိုင်တွင်ကျောင်းသားတစ်ဦးထက်မကရှိနေလျှင် သင့်ကျောင်းသားအားလုံး၏ အမည်ကိုစာမျက်နှာထိပ်တွင် သင်မြင်တွေ့ရမည်။ ကျောင်းသား၏ အမည်ကိုနှိပ်၍ ကျောင်းသားတစ်ဦးချင်းစီအတွက် အမှာစကား ဆက်တင်များကို သင်ပြောင်းပေးရမည်။ ကျောင်းသား၏အမည်ကို ဤစာမျက်နှာတွင်မစီထားလျှင် ကျောင်းကိုသင်ဆက်သွယ်သင့်သည်။

My Messages တွင်အမှန်ဖြစ်စေကြက်ခြေခတ်ဖြစ်စေကိုမည်သို့ပင် ရွေးချယ်ထားစေကာမူ အရေးပေါ်၊ ကျောင်းပျက်ကွက်မှု၊ ကျောင်းစောဆင်းခြင်းနှင့်အခြားကျောင်းနှင့်ဆက်စပ်သည့်ဖုန်းခေါ်ဆိုမှုများနှင့်အီးမေးလ်တို့ကို အမြဲတမ်းပေးပို့သွားမည်ဖြစ်သည်။

## ကျောင်းသားကျောင်းတက်ရောက်မှု၊ရမှတ်အကြောင်း အီးမေးလ်များ

သင့်ကျောင်းသား၏ရမှတ်များနှင့် ကျောင်းတက်ရောက်မှုအကြောင်းကို ဆရာ၏ ရမှတ်စာရင်းစာအုပ်မှသင်ရ ယူနိုင်သည့် အချိန်နှင့် ရယူနိုင်သည့်နည်းလမ်းကို သင်ရွေးချယ်နိုင်သည်။ ယင်းအီးမေးလ်များကိုနေ့စဉ်ပေးပို့ခြင်း ဖြစ်ပြီး အထက်တွင် သတ်မှတ်ထားသည့် My Messages (SchoolMessenger) တို့ကထိန်းချုပ်ထားမှုမရှိပါ။

ကျောင်းသားကျောင်းတက်ရောက်မှု၊ရမှတ်အကြောင်း အီးမေးလ်များရရှိရန် အောက်တွင်ဖော်ပြထားသည့်အဆင့် များအတိုင်းလုပ်ဆောင်ပါ။

1. Parent Self-Serve ကို grades.austinisd.org (မိုဘိုင်းကိရိယာ သို့မဟုတ် စားပွဲတင် ကွန်ပျူတာ) တွင်ဝင်ရောက်ပါ။
2. Notifications တဘ်ကိုနှိပ်ပါ။
3. အီးမေးလ်ကိုအဖွင့်အပိတ်လုပ်ရန် ရေဒီယိုခလုတ်များကိုနှိပ်ပါ။
4. ကျောင်းသား၏ရမှတ်မှာ သတ်မှတ်တန်ဖိုးအောက် ရောက်သွားလျှင် အမှာစကား ပေးပို့ရန် လျှောထွက်လာသည့် မီနူးမှ ရမှတ်တန်ဖိုးကိုရွေးပါ။
5. Save Notification Choices ကိုနှိပ်ပါ။

